၂၀၁၂၊ မတ်လ(၂၂)ရက် နေ့တွင်ထုတ်ပြန်ရန်ဖြစ်သည်။

## မြန်မာ့သယံဇာတကျိန်စာ အဆုံးသတ်ရန် စောင့်ကြည့်ရေးအဖွဲ့မှ ပြောကြား

မြန်မာနိုင်ငံထဲသို့ စီးပွားရေးရင်းနှီးမြှုပ်နှံသူများ အလုံးအရင်းနှင့်စတင်ဝင်ရောက် လာကြသော်လည်း တိုင်းပြည်တွင်းတွင် ဘဏ္ဍာငွေဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ဆိတ်သုန်းကင်းမဲ့နေခြင်းက တိုင်းပြည်၏ သဘာဝသယံဇာတကျိန်စာအား ပို၍ပင်ဆိုးရွားသွားစေသည်ဟု ရခိုင့်ရေနံစောင့်ကြည့်ရေး အဖွဲ့မှ ယနေ့ သတိပေးပြောကြားလိုက်သည်။

သဘာဝဓါတ်ငွေ့တင်ပို့ရောင်းချရာမှရရှိသော ဘဏ္ဍာဝင်ငွေ ဒေါ်လာဘီလီယံပေါင်းများစွာကို ပြည့်သူ့ငွေစာရင်းများထဲတွင် ထည့်သွင်းခြင်းမရှိဘဲ အကျင့်ပျက်ခြစားနေသော စစ်ခေါင်းဆောင်များကသာ မတရားအလွဲသုံးစားပြုလုပ်နေကြသောကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး လူမှုဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများနှင့်တိုင်းပြည်တစ်ခုဖြစ်နေပြီး၊ သဘာဝသယံဇာတဆိုင်ရာ ပဋိပက္ခများနှင့်ပြဿနာများကိုလည်း ရင်ဆိုင်နေရသည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

သဘာဝဓါတ်ငွေ့တင်ပို့ရောင်းချမှုသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးသော နိုင်ငံခြားဝင်ငွေရရှိရာ အရင်းအမြစ်ဖြစ်ပြီး၊ (၂၀၀၆) ခုနှစ် ကတည်းပင် ထိုသို့တင်ပို့ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ (၂)ဘီလီယံကျော်ကို နှစ်စဉ်နှစ်တိုင်း ရရှိနေသည်။ အသစ်ရှာဖွေတွေ့ရှိထားသော ဓါတ်ငွေ့များကိုလည်း တရုတ် နှင့် ထိုင်းနိုင်ငံများသို့ နောင်နှစ်အစောပိုင်းကာလတွင် တင်ပို့ရောင်းချမည်ဖြစ်ရာ ယခုရရှိနေသော ဘဏ္ဍာဝင်ငွေ ပမာဏထက် (၆၀) ရာခိုင်နှုန်းခန့် မြင့်တက်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင်လည်း နောက်ထပ် ရေနံနှင့်ဓါတ်ငွေ့ လုပ်ကွက်(၄၁)ခုတွင် နိုင်ငံခြားကုမ္ပဏီများက စမ်းသပ်ရှာဖွေ၊တူးဖော်မှုများပြုလုပ်နေကြသည်။

ယခုတက်လာသည့်အစိုးရသစ်က နိုင်ငံ့ဘဏ္ဍာငွေအရအသုံး ဆိုင်ရာကိစ္စရပ်များကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နေသော်လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့မှ ရရှိသည့်ဝင်ငွေများနှင့် ပတ်သက်ပြီး အသေးစိတ်ကို ထုတ်ဖေါ်ထားခြင်းမရှိပေ။ ဓါတ်ငွေ့မှရရှိသော ဘဏ္ဍာငွေများအပေါ် ထိန်းချုပ်မှုတွင် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍကိုလည်း သေးကွဲစွာ မသိရှိရပေ။

"နောင်နှစ်မှာတင်ပို့မဲ့ သဘာဝဓါတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအသစ်များနှင့် ရင်းနှီးမြှုပ်နှံသူတွေ အများကြီး ဝင်လာနေကြတဲ့အခုလိုအချိန်မျိုးမှာ မြန်မာပြည်သူတွေအနေနဲ့ အဲဒီ ဓါတ်ငွေ့ကရတဲ့ ဝင်ငွေတွေကို ဘယ်မှာထားလဲ၊ ဘယ်လိုအသုံးပြုလဲဆိုတာကို အမြန်ဆုံးသိဖို့လိုအပ်နေတယ်" ဟု ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့မှ ဒါရိုက်တာ ကျော်ခိုင်မှ ပြောသည်။

"ပွင့်လင်းမြင်သာမှုမရှိဘဲ ပုံအောပြီး အသစ်ဝင်လာနေတဲ့ ငွေကြေးတွေဟာ စစ်တပ်ကကြီးစိုးထားတဲ့ စီးပွားရေးစနစ်ကိုသာ ဒီထက်ပိုပြီး အမြစ်တွယ်ခိုင်မာသွားစေလိမ့်မယ်" ဟု ကိုကျော်ခိုင်မှ ဆက်ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် နောက်ထပ် သဘာဝသယံဇာတ ရှာဖွေတူးဖော်မှုများမပြုလုပ်မီ နိုင်ငံတွင်းတွင် ရေနံနှင့်ဓါတ်ငွေ့ဆိုင်ရာ ဘဏ္ဍာငွေများကို ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲနိုင်မည့် ဥပဒေများ နှင့် အဖွဲ့အစည်းများကို ပြဌာန်းတည်ဆောက်ထားရမည်ဟု အစီရင်ခံစာက ထောက်ပြတောင်းဆိုထားသည်။

အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်များအပေါ် အကာအကွယ်ပေးနိုင်စေရေးအတွက် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုလေ့လာချက်များနှင့် ထိခိုက်ခံရမည့် လူ့အဖွဲ့အစည်းများထံမှ လွတ်လွတ်လပ်လပ်၊ကြိုတင်ပြီး နားလည်ထားသော သဘောတူခွင့်ပြုချက်များ(FPIC) ကို လိုက်နာရသည့် ဥပဒေများအား ထုတ်ပြန်ပြဌာန်းရန်လည်း လိုအပ်သည်။

အစီရင်ခံစာထဲတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ကြွယ်ဝသော အခြားနိုင်ငံများ၏ ဘဏ္ဍာငွေပွင့်လင်းမြင်သာမှုစံနစ်များနှင့်နှိုင်းယှဉ်ပြီး ဖြစ်ရပ်မှန်လေ့လာချက်များကိုလည်း တင်ပြထားသည်။အစီရင်ခံစာအပြည့်အစုံကို www.arakanoilwatch.blogspot.com တွင်ဝင်ရောက်ဖတ်ရှုနိုင်သည်။

ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့သည် မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း စီမံကိန်းများအား စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နေသော လူထုအခြေပြု အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ဆက်သွယ်ရန်။

ကျော်ခိုင် (+66 82 184 1335)
(+66 88 157 1328)